# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## ကင်ဘာရာမြို့

**မြန်မာနိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပြုလုပ်ရေးနှင့် ဆန္ဒမဲစာရင်းပြုစုခြင်း ကိစ္စနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်ရန်ရှိပါသဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများ အလိုက် ပြည်ပရောက်မဲဆန္ဒပေးပို့လိုသူများစာရင်းကို ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ဩစတြေးလျ၊ နယူးဇီလန်၊ ဖီဂျီနှင့် အရှေ့ဖျားပစိဖိတ်ကျွန်းနိုင်ငံများရှိ မဲဆန္ဒပေးလိုသူများအနေဖြင့် ကြိုတင်ဆန္ဒပေးနိုင်ရေးအတွက် ပူးတွဲပါ ပုံစံ(၁၅)ကို ပြည့်စုံစွာဖြည့်စွက်၍ မြန်မာသံရုံး၊ ကင်ဘာရာမြို့ 22, Arkana Street, Yarralumla, ACT 2600 Canberra, Australia သို့စာတိုက်မှဖြစ်စေ၊ သံရုံး၏ email ဖြစ်သော mecanberra@bigpond.com.au သို့ဖြစ်စေ mecanberra@gmail.com သို့ဖြစ်စေ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ အရောက် နောက်ဆုံးထား၍ ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၈-၅-၂၀၁၈ ရက်စွဲပါ ကြေညာ ချက်အမှတ်၊ (၆၀/ ၂၀၁၈) ဖြင့် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် မဲဆန္ဒနယ်များစာရင်းကို ထုတ်ပြန်ကြေညာထားပါသည်။ သို့ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့နေထိုင်ရာလိပ်စာနှင့် အကြုံးဝင်ပါက ကြိုတင်ဆန္ဒမဲများပေးနိုင်ပါရန် ကြေညာချက်အားပူးတွဲ ပေးပို့ အပ်ပါသည်။

၄။ ယခုပေးပို့သည့် ပုံစံ-၁၅ကို လိုအပ်သကဲ့သို့ မိတ္တူကူးအသုံးပြုနိုင်သလို အောက်ဖော်ပြပါ websiteများမှရယူဖြည့်စွက်ပေးပို့နိုင်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

https://uecmyanmar.org

(ခ) မြန်မာသံရုံး၊ ကင်ဘာရာမြို့

https://mecanberra.com.au

၅။ မဲဆန္ဒရှင်များအနေဖြင့် ပုံစံ-၁၅ နှင့်အတူ နိုင်ငံကူးလက်မှတ်မိတ္တူနှင့်အတူ ပုံစံ-၁၅ တွင်ပြည်ပလိပ်စာအား မြန်မာသို့မဟုတ်အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်ဟု ရေးသား ထားသော်လည်း အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းဖြင့်သာ ဖြည့်စွက်ပါရန်၊ ယခုနေထိုင်လျက်ရှိသော လိပ်စာနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်များအားပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

စာအမှတ်၊ ၁၁၀ / ၄၆ ၀၃

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR

CANBERRA

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၆၀ / ၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| | လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) | လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) | တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) | မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) | မြစ်ကြီးနား |

| | လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | မတူပီမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မတူပီ |
| (၂) | တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူး |
| (၃) | အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်း |
| (၄) | သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်း |
| (၅) | ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |

| | | |
|---|---|---|
| (၆) | မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မင်းဘူး |
| (၇) | ဆိပ်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ဆိပ်ဖြူ |
| (၈) | မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး တိုင်းဒေသကြီး တစ်ခုလုံး ( ပြည်ထောင်စု နယ်မြေမှအပ) |

( လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ် ၊ ၂ / ရကပ( ၅ ) /ကမရ
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

<table>
<tr><td>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန</td><td>မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်နှင့်<br>စောင်ရေ(၁၀)စောင်ကိုပေးပို့ပါရန်မေတ္တာရပ်ခံအပ်ပါသည်။</td></tr>
</table>

အမိန့်အရ

( ခင်မောင်ဦး )
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

- ဥက္ကဋ္ဌရုံး
- ဌာန/ ဌာနခွဲအားလုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ---------------------------- သည် ---------------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ------------------------------------------

(၃) မှတ်ပုံတင်အမှတ် ------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------

(၅) အဘအမည် ------------------------------------------

(၆) အမိအမည် ------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )

------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------------မြို့နယ်၊ ------------------ တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------

နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ------------------------------------

ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -----------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။